# မိဘများအတွက် အထူးပညာရေးအကြောင်းအရာ အကျဉ်းချုပ်

## အထူးပညာရေးဆိုတာ ဘာလဲ။

ကလေးတစ်ဦးက အထူးပညာရေးကို လက်ခံရရှိသည်ဟု ဆိုသည့်အခါ အစိုးရကျောင်းက ထိုကျောင်းသား၏ လိုအပ်ချက်အလိုက် ကိုက်ညီသည့် သီးသန့်သင်ကြားပို့ချမှုပုံစံကိုသာမက ဝန်ဆောင်မှုများကို စီစဉ်ဆောင်ရွက်ပေးနေသည်ဟု ဆိုလိုသည်။ မသန်စွမ်းသူများ၏ ပညာရေး အက်ဉပဒေ (IDEA) ဟုခေါ်သော ဖက်ဒရယ်ဥပဒေတစ်ရပ်ကြောင့် အထူးပညာရေးကို ရရှိခြင်းဖြစ်ကာ ယင်းအက်ဉပဒေအရ မသန်စွမ်း ကျောင်းသားများနှင့် ၎င်းတို့၏မိဘများသည် တစ်ဦးချင်းလေ့လာသင်ယူခွင့်များကို အထူးတရားဝင်အခွင့်အရေးအဖြစ် ရရှိထားသည်။

**အထူးပညာရေးဆိုသည်မှာ နေရာတစ်ခုမဟုတ်ဘဲ ဝန်ဆောင်မှုတစ်ခု ဖြစ်သည်။**



### အထူးပညာရေး ဝန်ဆောင်မှုများက သင့်ကလေးကို မည်သို့ကူညီနိုင်သနည်း။

- သင့်ကလေးက အထူးပညာရေး ဝန်ဆောင်မှုများကို ခံစားခွင့်ရှိလျှင် သင့်ကလေးသည် ၎င်း၏ ထူးခြားသောလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အထူးစီစဉ်ထားသည့် ဝန်ဆောင်မှုများနှင့် ထောက်ပံ့မှုများကို ရရှိပါမည်။
- အထူးပညာရေး ဝန်ဆောင်မှုများသည် တစ်ဦးချင်းနှင့်ကိုက်ညီအောင် ရေးဆွဲထားသည့်အစီအစဉ်ကို သင့်အတွက် လုံးဝအခမဲ့ ပံ့ပိုးပေးပြီး အထူးပညာရေး ဆရာများသာမက အလုပ်ပေးကုထုံးပညာရှင်များ၊ ကာယကုထုံးပညာရှင်များ၊ စကားပြော-ဘာသာစကား ရောဂါဗေဒပညာရှင်များနှင့် စာဖတ်ခက်ရောဂါရှိသူအား သင်ကြားပို့ချပေးသူများကဲ့သို့ ဝန်ဆောင်မှုပေးသူများ ပါဝင်နိုင်သည်။

## အထူးပညာရေး လုပ်ငန်းစဉ်-

မိဘများသည် အထူးပညာရေး လိုအပ်ချက်ရှိမရှိကို အကဲဖြတ်ပေးရန် အချိန်မရွေး တောင်းဆိုခွင့်ရှိသည်။ ကျောင်းများသည် အထူးပညာရေး ဝန်ဆောင်မှုများ လိုအပ်နိုင်သည့် မသန်စွမ်းမှုရှိနေကြောင်း သံသယရှိခံရသည့် ကျောင်းသားကို အကဲဖြတ်ပေးနိုင်ရန်အတွက် လွှဲပြောင်းပေးရန် လိုအပ်သည်။ **အထူးပညာရေး လုပ်ငန်းစဉ်**အဆင့်ဆင့်ကို နားလည်ထားရန် အရေးကြီးသည်။

### အထူးပညာရေးကို စတင်ရန် အဆင့်များ-

1. လွှဲပြောင်းခြင်း
2. အကဲဖြတ်ရန် သဘောတူညီချက်
3. အကဲဖြတ်ခြင်း
4. ခံစားခွင့်ရှိ၊ မရှိ ဆုံးဖြတ်ပေးခြင်း (ARD)
5. IEP ကို ရေးဆွဲခြင်း

**အထူးပညာရေး ဝန်ဆောင်မှုများကို လက်ခံခြင်း-**

→ IEP ကို အကောင်အထည်ဖော်ခြင်း

**မိဘတစ်ဦးအနေဖြင့် သင့်အခွင့်အရေးများနှင့်ပတ်သက်သည့် နောက်ထပ်အချက်အလက်များကို အောက်တွင်တွေ့နိုင်သည်-**

spedtex.org
1-855-773-

SPEDTEX Special Education Information Center
**မိဘများအတွက် အထူးပညာရေး အကူအညီ**

**ARD လုပ်ငန်းစဉ်အတွက် မိဘ လမ်းညွှန်စာအုပ်**
bit.ly/ParentsARD

**လုပ်ထုံးလုပ်နည်းအရ အကာအကွယ်ပေးမှုများအကြောင်း အသိပေးချက်**
bit.ly/ParentsNPS

မသန်စွမ်းကျောင်းသားများကို ကာကွယ်ပေးထားသည့် 1973 ခုနှစ် ပြန်လည်ထူထောင်ရေး အက်ဥပဒေ ပုဒ်မ 504 ကဲ့သို့ အခြားဖက်ဒရယ်ဥပဒေများ ရှိသော်လည်း ထိုဥပဒေအရ IDEA တွင်သာ သီးခြားအခွင့်အရေးများ ရှိသည်။ ဤစာရွက်စာတမ်းတွင် အဆိုပါအခွင့်အရေးများကို အကျဉ်းချုပ်ဖော်ပြထားသည်။

## 1 အထူးပညာရေးအတွက် အကဲဖြတ်မှုခံယူနိုင်ရန် လွှဲပြောင်းသည်။



**လွှဲပြောင်းခြင်းဆိုသည်မှာ-**

- သင့်ကလေးတွင် မသန်စွမ်းမှုရှိနေပြီး ၎င်း၏ အောင်မြင်ရေးအတွက် အထူးပညာရေး ဝန်ဆောင်မှုများကို လိုအပ်နေသည်ဟု အစိုးရကျောင်းက ခံစားမိသည့်အခါ ဥပဒေအရ လုပ်ရမည့်အရာတစ်ခုဖြစ်သည်။
- အထူးပညာရေးအတွက် အကဲဖြတ်မှုခံယူခွင့်ပြုရန် မိဘက တောင်းဆိုသည့်အခါ ၎င်းကို *တောင်းဆိုချက်*ဟု ခေါ်သည်။ သင့်လျော်သော ဝန်ထမ်းအဖွဲ့ဝင်ထံ စာဖြင့်ရေးသား တောင်းဆိုရမည်။ ကျောင်းက အကဲဖြတ်မှု လုပ်မည်၊ မလုပ်မည်ကို ဖော်ပြထားသည့် အချက်အလက်များနှင့်အတူ အကြောင်းပြန်လိမ့်မည်။

ကျောင်းသည် ကျောင်းဖွင့်ရက် 15 ရက်အတွင်း စာဖြင့်ရေးသား အကြောင်းပြန်ရမည်။

## 2 ကျောင်းက သင့်ကလေးအား အကဲဖြတ်မည်ကို သင် **သဘောတူ၊ မတူ** သင့်အား မေးပါမည်။



**အကဲဖြတ်ရန် သဘောတူညီချက်ဆိုသည်မှာ-**

- အထူးလေ့ကျင့်ထားသော ဝန်ထမ်းအား သီးခြားနယ်ပယ်များတွင် သင့်ကလေးကို အကဲဖြတ်လေ့လာစစ်ဆေးနိုင်ရန် သင်က ပေးအပ်လိုက်သည့် ခွင့်ပြုချက်ဖြစ်သည်။
- သင့်ကလေးအား အကဲဖြတ်မှုကို အပြီးသတ်ရမည့် အချိန်ဇယားကို စတင်ရေးဆွဲရန် ကျောင်းက အသုံးပြုသည်။

ခြွင်းချက်အချို့နှင့်အတူ အကဲဖြတ်ခြင်းကို ကျောင်းဖွင့်ရက် 45 ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးရမည်။

## 3 လေ့ကျင့်ထားသော ကျွမ်းကျင်ပညာရှင်အဖွဲ့က **အကဲဖြတ်ခြင်းကို ဆောင်ရွက်သည်။**



**အကဲဖြတ်ချက်ကို-**

- *တစ်ဦးချင်း ကနဦး အပြည့်အစုံအကဲဖြတ်ချက်* (FIIE) ဟုခေါ် ပြီး ပညာရေးအကြံပြုချက်များသာမက သင့်ကလေး၏ အားသာချက်များ၊ စိတ်ဝင်စားမှုများနှင့် စိန်ခေါ်မှုများ အကြောင်း အချက်အလက်များပါရှိသည့် အစီရင်ခံစာတစ်စောင်ဖြစ်သည်။ သံသယရှိနေသော မသန်စွမ်းမှုနယ်ပယ်တွင် လေ့ကျင့်ထားသည့် ကျွမ်းကျင်ပညာရှင်များ ပါဝင်ရမည်။ ဥပမာ- စာဖတ်ခက်ရောဂါရှိကြောင်း သံသယရှိပါက လိုင်စင်ရ စာဖတ်ခက်ရောဂါ ကုထုံးပညာရှင်တစ်ဦးကဲ့သို့ တစ်စုံတစ်ဦး။
- သင့်အတွက် အခမဲ့ ဆောင်ရွက်ပေးပါသည်။ ကျောင်း၏ အကဲဖြတ်ချက်ကို သင် သဘောမတူပါက *ပုဂ္ဂလိက ပညာရေး အကဲဖြတ်စစ်ဆေးမှု* (IEE) ပြုလုပ်ပေးရန် တောင်းဆိုနိုင်သည်။ ၎င်းကို ကျောင်းက အလုပ်ခန့်ထားသူ မဟုတ်သည့် တစ်စုံတစ်ဦးက လုပ်ဆောင်ပါမည်။

## 4 အထူးပညာရေးဝန်ဆောင်မှုများကို သင့်ကလေး ခံစားခွင့်ရှိမရှိ ဆုံးဖြတ်နိုင်ရန် **ကျောင်းဝင်ခွင့်၊ ပြန်သည်စိစစ်ရေးနှင့် ကျောင်းမှထုတ်ပယ်ရေး (ARD) ကော်မတီက** တွေ့ဆုံမှုပြုလုပ်သည်။

**ARD ကော်မတီဆိုသည်မှာ-**

- သင်၊ ဆရာများ၊ ကျောင်းစီမံအုပ်ချုပ်ရေးမှူးများ၊ သင့်ကလေးနှင့်ပတ်သက်၍ အထူးကျွမ်းကျင်သူများနှင့် သံသယရှိသော မသန်စွမ်းမှုနယ်ပယ်အတွက် အထူးလေ့ကျင့်ထားသည့် ကျွမ်းကျင်ပညာရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့ဖြစ်သည်။
- ဤအစည်းအဝေးတွင် သင့်ကလေး၏ အကဲဖြတ်ချက် အစီရင်ခံစာကို ဆွေးနွေးခြင်း၊ သင့်ကလေး၏ အားသာချက်များနှင့် လိုအပ်ချက်ရှိသည့် နယ်ပယ်များကို ခွဲခြားဖော်ထုတ်ခြင်းတို့ ပြုလုပ်ကြပြီး ထို့နောက်တွင် သင့်ကလေး၌ မသန်စွမ်းမှုတစ်ခုရှိ၊ မရှိနှင့် အထူးပညာရေး ဝန်ဆောင်မှုများကို လိုအပ်ခြင်းရှိ၊ မရှိ ဆုံးဖြတ်ကြပါသည်။



အကဲဖြတ်ချက် အစီရင်ခံစာ ရရှိသည်နှင့် ARD ကော်မတီတွင် ခံစားခွင့်ရှိ၊ မရှိဆုံးဖြတ်ရန်နှင့် IEP ကို ရေးဆွဲရန် ပုံမှန်အားဖြင့် ပြက္ခဒိန်ရက် 30 အချိန်ရှိသည်။

## 5 သင့်ကလေးက အထူးပညာရေး ဝန်ဆောင်မှုများကို ခံစားခွင့်ရှိသည်ဆိုလျှင် ARD ကော်မတီသည် တစ်ဦးချင်း ပညာရေး အစီအစဉ် (IEP) ကိုလည်း ရေးဆွဲပါမည်။



**IEP ဆိုသည်မှာ-**

- သင့်ကလေး၏ မသန်စွမ်းမှုကို ဖော်ထုတ်ထားသည့်၊ သင့်ကလေး၏ လက်ရှိအားသာချက်များနှင့် လိုအပ်ချက်ရှိသော နယ်ပယ်များကို ပြထားသည့်၊ လုပ်ဆောင်ရမည့် ပန်းတိုင်များကို သတ်မှတ်ထားသည့်၊ သင့်ကလေး၏ အောင်မြင်မှုအတွက် လိုအပ်သော အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ပြသထားသည့် အချက်အလက်စုစည်းမှုတစ်ခု ဖြစ်သည်။
- ၎င်းကို ရေးဆွဲသည့်လုပ်ငန်းစဉ် ပြီးမြောက်သွားပြီး သင်က ထိုဝန်ဆောင်မှုများကို သင့်ကလေးအား လက်ခံခွင့်ပေးလိုက်သည်နှင့် ကျောင်းက လိုက်နာဆောင်ရွက်ရမည့် စာရွက်စာတမ်းတစ်ခုဖြစ်သည်။ ဝန်ဆောင်မှုများကို အမြန်ဆုံးစတင်ပါမည်။

**သင်သည် IEP ရေးဆွဲရာတွင် ပါဝင်ခွင့်ရှိသည့်အပြင် အထူးပညာရေး ဝန်ဆောင်မှုများကို သင့်ကလေးအား လက်ခံခွင့်ပြုရန်၊ မပြုရန်လည်း ရွေးချယ်ပိုင်ခွင့်ရှိသည်။**

## → ရှေ့သို့လှမ်းချီ- အထူးပညာရေး ဝန်ဆောင်မှုများကို လက်ခံခြင်း

IEP ကို ရေးဆွဲပြီးသည်နှင့် IEP ကို အကောင်အထည်ဖော်ရန်မှာ ကျောင်း၏ တာဝန်ဖြစ်သည်။ ကျောင်းများသည် IEP တွင် ဖော်ပြထားသော ဝန်ဆောင်မှုများ၊ ညှိနှိုင်းမှုများနှင့် ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကျောင်းဝန်ထမ်းများသည် IEP ရှိ ပန်းတိုင်များဆီသို့ သင့်ကလေး၏ အရောက်လှမ်းနိုင်မှုကို စောင့်ကြည့်ပါမည်။



- သင်သည် စာသင်နှစ်ဝက်တစ်ခုလျှင် အနည်းဆုံးတစ်ကြိမ် သင့်ကလေး၏ IEP ပန်းတိုင်များဆိုင်ရာ တိုးတက်မှုအစီရင်ခံစာကို ရရှိပါမည်။
- ARD ကော်မတီသည် နှစ်စဉ် တစ်ကြိမ် တွေ့ဆုံပြီး သင့်ကလေး၏ IEP ကို ပြန်လည်သုံးသပ်ပါမည်။
- ARD ကော်မတီ၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် သင်သည် အကဲဖြတ်ချက်ကို အပ်ဒိတ်လုပ်ရန် လိုအပ်ခြင်းရှိမရှိအား အနည်းဆုံးသုံးနှစ်တစ်ကြိမ် ဆွေးနွေးနိုင်ပါ မည်။
- သင်သည် ARD ကော်မတီ အစည်းအဝေးပြုလုပ်ပေးရန် အချိန်မရွေးတောင်းဆိုနိုင်သည်။
- သင်သည် အထူးပညာရေး ဝန်ဆောင်မှုများအတွက် သင့်သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ တစ်နည်းဆိုရသော် သင်သည် သင့်ကလေးအတွက် အထူးပညာရေး ဝန်ဆောင်မှုများအား ရပ်တန့်စေလိုကြောင်း စာဖြင့်ရေးသား၍ ကျောင်းကို အသိပေးနိုင်သည်။
- ကျောင်းစည်းကမ်းအတွက် အထူးစည်းမျဉ်းများ ထားရှိထားသည်။ ဆိုးသွမ်းသည့်အပြုအမူ ဖြစ်ပွားရသည့်အကြောင်းရင်းမှာ သင့်ကလေး၏ မသန်စွမ်းမှုကြောင့်ဖြစ်ကြောင်း တွေ့ရှိရလျှင် ARD ကော်မတီသည် အချို့သောအခြေအနေများတွင် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုပုံစံကို ပြောင်းလဲနိုင်သည်။

## သဘောထားကွဲလွဲမှု ဖြစ်ပွားပါက-

ARD ကော်မတီအစည်းအဝေးကျင်းပနေစဉ် သင်သည် အကောင်းဆုံးရှေ့လျှောက်လမ်းစဉ်နှင့်ပတ်သက်၍ သဘောတူညီချက်ရရှိရန် လုပ်ဆောင်ရင်း တစ်ဖက်တွင်လည်း သင့်ကလေး၏ သီးခြားလိုအပ်ချက်များကို ကျောင်းဝန်ထမ်းများနှင့်အတူ အင်တိုက်အားတိုက် ပါဝင်ဆွေးနွေးမည့်သူ ဖြစ်ရပါမည်။ သို့သော် ရံဖန်ရံခါ သင်သည် ကျောင်း၏ဆုံးဖြတ်ချက်များကို သဘောမတူခြင်း ရှိနိုင်သည်။ ဖက်ဒရယ်ဥပဒေ IDEA အရ သင့်တွင် *အထူးပညာရေးကို စတင်ရန် ဆောင်ရွက်နေသည့်အဆင့်များတွင်သာမက အထူးပညာရေး ဝန်ဆောင်မှုများ လက်ခံနေချိန်မှာပင်* ကျောင်းကချမှတ်သည့် အထူးပညာရေး ဆုံးဖြတ်ချက်များကို သဘောမတူရန် တရားဝင်အခွင့်အရေးရှိသည်။ အငြင်းပွားမှု ဖြေရှင်းရေး နည်းလမ်းများတွင် ပြည်နယ်တိုင်ကြားချက်များ တင်သွင်းခြင်း၊ ဖျန်ဖြေပေးရန် တောင်းဆိုခြင်းနှင့် သင့်လျော်မှုတသော ကြားနာမှု တောင်းဆိုခြင်းတို့ပါဝင်သည်။ IEP များနှင့်ပတ်သက်၍ သဘောတူညီချက် ရရှိစေရေးအတွက် ARD ကော်မတီများအား ကူညီပေးမည့် ပြည်နယ်စည်းရုံးရေးမှူးများလည်း ရှိပါသည်။

## IEP ဆိုတာ ဘာလဲ။-

IEP သည် အောက်ပါတို့အပါအဝင် သင့်ကလေးအတွက် လိုအပ်ချက်အချို့ကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ရမည်-



**PLAAFP**

» *ပညာရေးအောင်မြင်မှုနှင့် လက်တွေ့ဆောင်ရွက်မှုပိုင်း စွမ်းဆောင်ရည်တို့၏ လက်ရှိအဆင့်များ*(**PLAAFP**)- ARD ကော်မတီသည် အကဲဖြတ် အစီရင်ခံစာနှင့် အခြားဒေတာပေါ်အခြေခံ၍ သင့်ကလေး၏ ကျွမ်းကျင်မှုများ၊ စွမ်းရည်များနှင့် စိန်ခေါ်မှုများကို ချရေးသည်။

**ပန်းတိုင်များ**

» တိုင်းတာနိုင်သော နှစ်အလိုက်**ပန်းတိုင်များ**- သင့်ကလေး၏ သီးခြားလိုအပ်ချက်များကို အာရုံစိုက်ရန်နှင့် သင့်ကလေး တိုးတက်လာရန် မျှော်လင့်ထားသည့် အချိန်အခါကို ဖော်ပြရန် ပန်းတိုင်များကို ရေးဆွဲပါသည်။

- ဥပမာအားဖြင့်- သင့်ကလေးတွင် စာဖတ်ခက်ရောဂါရှိပါက သူ၏ပန်းတိုင်မှာ အချိန်အတိုင်းအတာတစ်ခုအတွင်း သီးခြားနယ်ပယ်တစ်ခုတွင် စာဖတ်စွမ်းရည် တိုးတက်လာစေရေး သို့မဟုတ် ကျွမ်းကျင်ပိုင်နိုင်လာစေရေးအတွက် အာရုံစိုက်ထားနိုင်သည်။

**သင်ကြားပို့ချမှုနှင့် ဝန်ဆောင်မှုများ**

» ပံ့ပိုးပေးရန် **အထူးစီစဉ်ထားသော သင်ကြားပို့ချမှု၊ ဆက်စပ်ဝန်ဆောင်မှုများနှင့် ဖြည့်စွက်အကူအညီများနှင့် ဝန်ဆောင်မှုများ အကြောင်း** ဖော်ပြချက်။ သင်ကြားပို့ချမှုနှင့် ဝန်ဆောင်မှုများသည် သင့်ကလေး၏ သီးခြားလိုအပ်ချက်များပေါ်အခြေခံ၍ ကွဲပြားပါမည်။ ဥပမာအားဖြင့် သင့်ကလေးတွင် စာဖတ်ခက်ရောဂါရှိကြောင်း သတ်မှတ်ထားလျှင်-

- အထူးစီစဉ်ထားသော သင်ကြားပို့ချမှုပုံစံတွင် ကောင်းစွာလေ့ကျင့်ထားသည့် ဝန်ဆောင်မှုပေးသူက စာဖတ်ခက် ရောဂါရှိသော ကျောင်းသားများအတွက် အကူအညီဖြစ်စေသည့် ပရိုဂရမ်တစ်ခုကို အသုံးပြု၍ စာဖတ်ခက် ရောဂါလမ်းညွှန်စာအုပ်နှင့်အညီ သင်ကြားပို့ချပေးမည့် ပုံမှန်စာသင်ချိန်တစ်ချိန် ပါဝင်နိုင်ဖွယ် ရှိသည်။
- သင့်ကလေးက စာရေးသားနိုင်ရန် ကြိုးစားရုန်းကန်နေရသူဖြစ်လျှင် ဆက်စပ်ဝန်ဆောင်မှုများတွင် အလုပ်ပေးကုထုံးပညာရှင်တစ်ဦးက သင့်ကလေး၏ ကြွက်သားသေးသုံး၍ လှုပ်ရှားမှုစွမ်းရည်များကို မြှင့်တင်ပေးမည့်အကူအညီလည်း ပါဝင်နိုင်သည်။ ၎င်းအပြင်
- ဖြည့်စွက်အကူအညီနှင့် ဝန်ဆောင်မှုများတွင် စာရေးရမည့် ကျောင်းစာများအတွက် အသံမှစာသားသို့ပြောင်းပေးသည့် နည်းပညာအသုံးပြု နည်းလမ်းများကို သင့်ကလေး လိုအပ်ခြင်းရှိ၊ မရှိ

မှတ်တမ်းတင်ခြင်း ပါဝင်နိုင်သည်။

**အကဲဖြတ်စစ်ဆေးမှုများ**

» အချိန်ပိုကဲ့သို့ ညှိနှိုင်းမှုများ လိုအပ်ခြင်းရှိ၊ မရှိအပါအဝင် ပြည်နယ်နှင့် ခရိုင်တစ်ဝန်း **အကဲဖြတ်စစ်ဆေးမှုများတွင် သင့်ကလေး** ပါဝင်ရမည့်နည်းလမ်းနှင့်ပတ်သက်သည့် အချက်အလက်များ။

**ကူးပြောင်းခြင်း**

» **အကူးအပြောင်း** ဝန်ဆောင်မှုများ- သင့်ကလေး 14 နှစ်ပြည့်သည့်အခါ IEP သည် အထက်တန်း ပြီးသွားသည့်နောက်ပိုင်း သင့်ကလေးအတွက် အစီအစဉ်များနှင့် အဆိုပါအစီအစဉ်များအတွက် လုပ်ဆောင်ရန် သင့်ကလေး၏ အထူးပညာရေး ဝန်ဆောင်မှုများအား မည်သို့ချိန်ညှိမည်ကို စတင်မှတ်တမ်းတင်ရမည်။

**နေရာချထားမှု**

» IEP သည် သင်ကလေး၏ ပညာရေးအတွက် **နေရာချထားမှု** ကို မှတ်သားသည်။ နေရာချထားမှု ဆုံးဖြတ်ချက်များကို ထိန်းချုပ်ကန့်သတ်မှုအနည်းဆုံး ပတ်ဝန်းကျင် (LRE) တွင် ပညာရေးကို ပံ့ပိုးရန် သတ်မှတ်ချက်ဖြင့် လမ်းညွှန်ထားသည်။ LRE ၏ ပန်းတိုင်မှာ သင့်ကလေး၏ ထူးခြားသောလိုအပ်ချက်များပေါ်အခြေခံ၍ သာမန်ကလေးများရှိသည့် စာသင်ခန်းများနှင့် နေရာများတွင် ၎င်းတို့နှင့်အတူ တတ်နိုင်သလောက် သင့်ကလေး ပါဝင်လာနိုင်စေရန်ဖြစ်သည်။

---

ဤပုံစံသည် အခွင့်အရေးများအကြောင်း အကျဉ်းချုပ်ဖြစ်ပြီး လွှဲပြောင်းခြင်း ပြုလုပ်ပြီးနောက် မိဘများကို ပေးရန်လိုအပ်သည်။ သင့်လက်မှတ်သည် ပုံစံကို သင်လက်ခံရရှိခဲ့ကြောင်း အသိအမှတ်ပြုရန်သာ ဖြစ်သည်။ သင့်အခွင့်အရေးများနှင့်ပတ်သက်သည့် နောက်ထပ်အချက်အလက်များအတွက် [လုပ်ထုံးလုပ်နည်းအရ အကာအကွယ်ပေးမှုများအကြောင်း အသိပေးချက်]နှင့် [ARD လုပ်ငန်းစဉ်အတွက် မိဘလမ်းညွှန်စာအုပ်]တို့ကို ပြန်လည်ဖတ်ရှုပါ။

| ကျောင်းသားအမည်- | ကျောင်းသား ID နံပါတ်- |
| --- | --- |
| | |

______________________________

မိဘ သို့မဟုတ် အုပ်ထိန်းသူ အမည်

______________________________ ____________

လက်မှတ် ရက်စွဲ